# ကချင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်သည့်သတင်းထုတ်ပြန်ချက်

## (၅/၂၀၁၂)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် (၂) ဦး တို့သည် ၂၀၁၂ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့မှ (၂၇)ရက်နေ့အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့နှင့် ဗိုင်းမော်မြို့များသို့ သွားရောက်၍ အောက်ပါကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါ သည်-

- စောင့်ရှောက်ရေးစခန်း (၁၆)ခု သို့ သွားရောက်၍ စခန်းနေပြည်သူလူထုနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့ပါသည်။
- ကော်မရှင်သို့ ကချင်ပြည်နယ်မှ တိုင်ကြားထားသော တိုင်ကြားစာများမှ လူ့အခွင့်အရေး ချိုးဖောက်သည်ဟု ယူဆသော တိုင်ကြားစာများနှင့် ပတ်သက်၍ သက်သေများအား ခေါ်ယူ စစ်ဆေးခဲ့ပါသည်။
- ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ၊ ဝန်ကြီးများနှင့် တွေ့ဆုံ၍ ကချင်ပြည်နယ်၏ လက်ရှိ အခြေအနေအပေါ် အမြင်ချင်း ဆွေးနွေးဖလှယ်ခဲ့ပါသည်။

ကော်မရှင်အဖွဲ့၏ ဆောင်ရွက်တွေ့ရှိချက်များအပေါ် ကော်မရှင်အနေဖြင့်အောက်ပါအတိုင်း သုံးသပ် အကြံပြု တိုက်တွန်းအပ်ပါသည်-

- ကော်မရှင်အဖွဲ့ ရောက်ရှိခဲ့သော စခန်းများအား လေ့လာတွေ့ရှိချက်အရ စခန်းများ သည် (၁)နှစ်ကျော်ကြာလာပြီဖြစ်သော်လည်း စခန်းနေပြည်သူများအတွက် အခြေခံ လိုအပ်ချက်များကို ယခင်အခြေအနေအတိုင်း ဖြည့်ဆည်းပေးမှုများအား ထိန်းသိမ်း ထားနိုင်သည်ကို တွေ့မြင်ရပါသည်။ ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော ရောဂါများ နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်လျက်ရှိသော ဆေးဝါး များ ထပ်မံဖြည့်ဆည်းပံ့ပိုးပေးပါရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို တိုက်တွန်းပါသည်။
- စခန်းနေပြည်သူများ ရွာပြန်လိုကြောင်းနှင့် ရွာတဝိုက် မိုင်းရှင်းလင်းပေးရန် တင်ပြ မှုများရှိပါသည်။ ပြန်လည်ထူထောင်ရေးမလုပ်မီ မိုင်းရှင်းလင်းရေးပြုလုပ်ပါက လက်နက်ကိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ရွာသားများကိုလည်း မိုင်းအသိပညာပေးသင့်ပါ သည်။
- တိုင်ကြားစာများနှင့်ပတ်သက်၍ သက်သေများ၏ ထွက်ဆိုချက်အရ လက်နက်ကိုင် အဖွဲ့များက ကျေးရွာလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအချို့ ရှိနေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ မည်သို့သော အကြောင်းနှင့်မျှ လူ့အခွင့်အရေးချိုးဖောက်

ခြင်းမပြုရန်၊ လူ့အခွင့်အရေးစံများနှင့်အညီဆောင်ရွက်ရန်အလေးအနက်တိုက်တွန်းပါသည်။

- မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာမှ သက်သေများ၏ထွက်ဆိုချက်အရ KIA မှ တာလောကြီးရွာသားများအား တပ်သားသစ်အဖြစ် အတင်းအဓမ္မ စုဆောင်းခြင်းရှိခဲ့ ကြောင်း၊ KIAပြည်သူ့စစ်အဖြစ် ဆောင်ရွက်နေသူ တာလောကြီး ရွာသား (၅၃) ဦး အလင်းဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ မည်သည့်နယ်မြေဒေသတွင်မဆို လက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်သားသစ်များ အတင်းအဓမ္မ ခေါ်ယူစုဆောင်းခြင်း မပြုရန်တိုက်တွန်းပါသည်။
- တပ်မတော်က တာလောကြီးရွာသား (၂)ဦးအား ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ဖမ်းဆီး စစ်ဆေး၍ သက်ဆိုင်ရာမှတဆင့် တည်ဆဲဥပဒေအရ တရားစွဲဆိုခဲ့ကြောင်း သိရှိရပါသည်။ ကာယကံရှင်များနစ်နာမှုမရှိစေရေးအတွက် အမှုများ ဆောလျင်စွာ ပြီးပြတ်အောင် စစ်ဆေးသင့်ပါသည်။
- လုံခြုံရေးတပ်ဖွဲ့များက မသင်္ကာသူများအား လုံခြုံရေးအရ ခေါ်ယူစစ်ဆေးခြင်း၊ တရားဥပဒေနှင့်အညီတရားစွဲဆိုခြင်းများအား ကော်မရှင်အနေဖြင့် အထူးပြောကြားရန်မရှိပါ။ သို့သော် စစ်ဆေးစဉ် ညှင်းပန်းနှိပ်စက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သဖြင့် ရှောင်ကျဉ်ရပါမည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်တွင်း ပြည်ပမှ အားပေးထောက်ခံမှုများရရှိနေပြီဖြစ်ပါသည်။ အလားတူပင် နိုင်ငံတော်အစိုးရသည် ထာဝရငြိမ်းချမ်းရေးဖြစ်တည်လာရေး ကြိုးပမ်းရာတွင် သမိုင်းတွင်မှတ်တမ်းတင်နိုင်သော အောင်မြင်မှုများ ရရှိနေပြီ ဖြစ်ပါသည်။ ယင်းသို့သောအခြေအနေတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ကချင်ပြည်နယ် ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ဝိုင်းဝန်း ကြိုးပမ်းပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။၂၀၁၂ခုနှစ်၊ဩဂုတ်လ (၁၄) ရက်